# ဆီးစစ်ခြင်း။

ကျွန်ုပ်သည် ခံဝန်ချုပ်ကာလ သို့မဟုတ် ကတိခံဝန်ချက်ဖြင့် လွတ်ပေးထားသည့် ကာလအတွင်း ကျွန်ုပ်သည် ဥပဒေနှင့်မညီသော မူးယစ်ဆေးဝါးများ သို့မဟုတ် အရက်သေစာ သုံးစွဲခွင့်မရှိပါ။



ကျွန်ုပ်သည် ခံဝန်ချုပ်ကာလ/ကတိခံဝန်ချက်ဖြင့် လွတ်ပေးထားသည့်ကာလအတွင်းဖြစ်လျှင် ဥပဒေနှင့်မညီသော မူးယစ်ဆေးဝါးများ သို့မဟုတ် အရက်သေစာ သုံးစွဲထားခြင်းရှိမရှိ ကျပန်း စစ်ဆေးမှုပြုလုပ်ရန် လိုအပ်နိုင်သည်။



ကျွန်ုပ်သည် ခံဝန်ချုပ်ကာလ သို့မဟုတ် ကတိခံဝန်ချက်ဖြင့် လွတ်ပေးထားသည့် ကာလအတွင်း ကျွန်ုပ်သည် ဆီး(ကျင်ငယ်)နမူနာတစ်ခု ပေးရနိုင်သည်။



ဆီးနမူနာမှာ ပလတ်စတစ်ခွက်အတွင်း ရှိ ကျင်ငယ်ဖြစ်ပြီး ၎င်းကို စစ်ဆေးသွားမည်ဖြစ်သည်။



ကျွန်ုပ်သည် ဥပဒေနှင့်မညီသော မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာ တစ်ခုခု သုံးစွဲထားခြင်း မရှိကြောင်း သေချာစေရန် ဆီးနမူနာတစ်ခု လိုအပ်ပါသည်။




ကျွန်ုပ်သည် ယုံကြည်နိုင်မည့် ဆီးနမူနာ တစ်ခုပေးကြောင်း သေချာစေရန် ခံဝန်ချုပ် သို့မဟုတ် ကတိခံဝန်ချက်ဖြင့် လွတ်ပေးထားသူ အရာရှိတစ်ဦးက ကျွန်ုပ် ခွက်ထဲသို့ ဆီးသွားနေချိန်တွင် ကျွန်ုပ်အား စောင့်ကြည့်နိုင်ပါသည်။



@ASERTPAautism @asert_paautism @asert

# ဆီးစစ်ခြင်း။

ထိုသို့စောင့်ကြည့်ခြင်းကြောင့် ကျွန်ုပ် စိတ်မသက်မသာ ခံစားရနိုင်ပါသည်။ ကျွန်ုပ်၏ ခံ၀န်ချုပ်/ ကတ်ခံ၀န်ချက်ဖြင့် လွှတ်ပေးထားသူ အရာရှိအား ကျွန်ုပ် မည်သို့ခံစားရသည်ကို ပြောပြရပါမည်။ သို့သော် ကျွန်ုပ်သည် စည်းမျဉ်းများကို ဆက်လက်လိုက်နာရန် လိုအပ်မည်ဖြစ်ပြီး ဆီးနမူနာအတွက် ခွက်ထဲတွင် ဆီးသွားရပါမည်။




ကျွန်ုပ်ကို ပလတ်စတစ်ခွက်အလွတ်တစ်ခွက်ပေးပါမည်။ ကျွန်ုပ်၏ ခံ၀န်ချုပ် သို့မဟုတ် ကတ်ခံ၀န်ချက်ဖြင့်လွှတ်ပေးထားသူ အရာရှိက ၎င်းခွက်ပေါ်တွင် ကျွန်ုပ်၏ အမည်ကို ရေးပါမည် သို့မဟုတ် ကျွန်ုပ်ကို ၎င်းခွက်ပေါ်တွင် ကျွန်ုပ်နာမည်ရေးခိုင်းပါမည်။




ကျွန်ုပ်သည် ခွက်အဖုံးကို ချွတ်ပါမည်။





ကျွန်ုပ်သည် ခွက်ထဲသို့ ဆီး(ကျင်ငယ်)သွားပါမည်။ ခွက်အပြည့်ဖြည့်ရန် မလိုပါ။ ကျွန်ုပ် ဆီးမသွားနိုင်ပါက ရေသောက်ပြီး ထပ်မံကြိုးစားကြည့်နိုင်သည်။




ထို့နောက် ခွက်ကိုအဖုံးဖုံးရပါမည်။




ခွက်ပေါ်တွင် ဆီးပေကျံသွားပါက စက္ကူပု၀ါ သို့မဟုတ် အိမ်သာသုံးစက္ကူဖြင့် သုတ်ပြီး ပြီးသွားပါက လက်ဆေးရပါမည်။




ASERT
Bringing autism resources together.

PAautism.org

ပင်ဆယ်ဗေးနီးယား၏ အော်တစ်ဇင်ဆိုင်ရာ အရင်းအမြစ်များနှင့် သတင်းအချက်အလက်များ၏ ဦးဆောင်ရင်းမြစ်
877-231-4244

***ASERT*** **ပူးပေါင်းဆောင်ရွက်ရေးကို ဖွံ့ဖြိုးရေးဆိုင်ရာပရိုဂရမ်များရုံး၊ လူသားဝန်ဆောင်မှုများ၏ *PA* ဌာနက ထောက်ပံ့သည်။**

# ဆီးစစ်ခြင်း။


ကျွန်ုပ်သည် ဆီးခွက်ကို ကျွန်ုပ်၏ ခံဝန်ချုပ်/ ကတိခံဝန်ချက်ဖြင့်လွှတ်ပေး ထားသူ အရာရှိကို ပေးပါမည်။



ကျွန်ုပ်ဆီးသည် "သန့်ရှင်းမှု" ရှိမရှိ ဆုံးဖြတ်ရန် ၎င်းတို့က စစ်ဆေးမှုများ ပြုလုပ်ပါမည်။ သန့်ရှင်းမှုဆိုသည်မှာ မူးယစ်ဆေးနှင့် အရက်သေစာ သုံးစွဲထား သည့် လက္ခဏာများ မရှိခြင်းဖြစ်သည်။



ကျွန်ုပ်၏ ဆီးစစ်ဆေးမှုတွင် ဥပဒေနှင့်မ ညီသော မူးယစ်ဆေး သို့မဟုတ် အရက်သေစာ အမျိုးအစားတစ်ခုခုတွေ့ရှိ ပါက ခံဝန်ချုပ်/ ကတိခံဝန်ချက်ဖြင့် လွှတ်ပေးထားခြင်းအား ချိုးဖောက်မှုတစ် ခုဖြစ်ပါလိမ့်မည်။




ယင်းမှာ ကျွန်ုပ်က ကျွန်ုပ်၏ ခံဝန်ချုပ်/ ကတိခံဝန်ချက်ဖြင့်လွှတ်ပေးထားခြင်းကို ပြန်လည်ရုတ်သိမ်း(ဖယ်ရှား)သည်ဟူ သည့် သဘောဖြစ်သည်။



ထိုသို့ဖြစ်ပါက ကျွန်ုပ်သည် ထောင်ကျ နိုင်သည်/ထိန်းသိမ်းခံရနိုင်သည်။



ကျွန်ုပ်သည် ဥပဒေနှင့်မညီသော မူးယစ် ဆေးဝါး သို့မဟုတ် အရက်သေစာ မသုံးစွဲ ခြင်းအပါအဝင် ကျွန်ုပ်၏ ခံဝန်ချုပ်/ ကတိခံဝန်ချက်ဖြင့်လွှတ်ပေးထားခြင်း စည်းမျဉ်းများအားလုံးကို လိုက်နာရန် အရေးကြီးပါသည်။



ASERT

Bringing autism resources together.

PAautism.org

ပင်ဆယ်ဗေးနီးယား၏ အော်တစ် ဇင်ဆိုင်ရာ အရင်းအမြစ်များနှင့် သတင်းအချက်အလက်များ၏ ဦးဆောင်ရင်းမြစ်
**877-231-4244**

***ASERT* ပူးပေါင်းဆောင်ရွက်ရေးကို ဖွံ့ဖြိုးရေးဆိုင်ရာပရိဂရမ်များရုံး၊ လူသားဝန်ဆောင်မှုများ၏ *PA* ဌာနက ထောက်ပံ့သည်။**